# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၆၀)

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

# အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန် (၅၀၀)ဆံ့ Food Security Shelter ဆိုင်ရာ စာရွက်စာတမ်း လွှဲပြောင်းပေးအပ်ခြင်း

# တာလေမြေငလျင်ဘေးအတွက် ငွေလှူဒါန်းခြင်းနှင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား အိန္ဒိယ-မြန်မာ စက်မှုသင်တန်းကျောင်း(မြင်းခြံ) ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့ ညနေ ၆ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ကျင်းပသည့် အိန္ဒိယ-မြန်မာချစ်ကြည်ရေးစီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန် (၅၀၀)ဆံ့ Food Security Shelter ဆိုင်ရာ စာရွက်စာတမ်းလွှဲပြောင်းပေးအပ်ခြင်း၊ တာလေမြေငလျင်ဘေးအတွက် ငွေလှူဒါန်းခြင်းနှင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

## တက်ရောက်

အခမ်းအနားသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Dr. Villur Sundararajan Seshadri နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန် (၅၀၀)ဆံ့ Food Security Shelter ဆိုင်ရာ စာရွက်စာတမ်းများကို အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးက တာလေမြေငလျင်ဘေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လက်ခံရယူသည်။

## လက်မှတ်ရေးထိုး

ယင်းနောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ရှေ့မှောက်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား အိန္ဒိယ-မြန်မာစက်မှုသင်တန်းကျောင်း(မြင်းခြံ) ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU Between the Government of the Republic of the Union of Myanmar and the Government of the Republic of India on Setting up of Indo-Myanmar Industrial Training Center at Myingyan, Myanmar) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

**(သတင်းစဉ်)**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၂၂ ရက်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကျေးလက်ပြည်သူများ ပူးပေါင်းပါဝင်ဖော်ဆောင်

မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်း ကွာခြားမှုမရှိဘဲ စီးပွားရေးအခွင့်အလမ်းနှင့် အလုပ်အကိုင်များရရှိနိုင်မှုတို့သည် နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော အကြောင်းအချက်များဖြစ်သည်။

ကျေးလက်ဒေသနေပြည်သူများ၏ စီးပွားရေးအခွင့်အလမ်း ပွင့်လန်းနိုင်ပါမှ လူတစ်ဦးချင်း ဝင်ငွေတိုးတက်နိုင်ပြီး လူမှုစီးပွားဘဝ တိုးတက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေသည် သန်း ၆၀ ခန့်ရှိပြီး ကျေးလက်နေပြည်သူများမှာ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားအခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားရာတွင် "တောင်သူလယ်သမားများ၊ အလုပ်သမားများသည် တိုင်းပြည်၏ အခြေခံလူတန်းစားများဖြစ်သည့်အတွက် အခြေခံလူတန်းစားများ၏ လူမှုဘဝမြင့်မားလာအောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် တိုင်းပြည်၏ ဂုဏ်သိက္ခာလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိ လက်တွေ့ကွင်းဆင်းလေ့လာပြီး လိုအပ်သည့်နည်းပညာနှင့် အရင်းအနှီးများရရှိရေး ပေါင်းစပ်ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြရန်" ထည့်သွင်းပြောကြားခဲ့ပေသည်။

အစည်းအဝေးသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်နှင့် အခြေအနေတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင်ဖြစ်သော ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ထက်ဝက်လျှော့ချရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအပိုင်းကလည်း ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ပြည်ထောင်စုအဆင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီအသီးသီးတို့ကို ဖွဲ့စည်းပြီး ထိထိရောက်ရောက် ဆောင်ရွက်တော့မည်ဖြစ်ရာ ကျေးလက်ဒေသနေပြည်သူများကလည်း ပူးပေါင်းပါဝင်ဖော်ဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးတို့တွေ့ဆုံ

**ရန်ကုန် ဇွန် ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E.Mrj.Gen Anup Kumar Chakma နှင့် စီးပွားရေးသံမှူး Mr. Md Abdulkha-Al-Hasan Chakma တို့အား ဇွန် ၃ ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုးတို့ အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ အပြန်အလှန် ကုန်သွယ်မှုလုပ်ငန်းများတွင် ပိုမိုအဆင်ပြေချောမွေ့မှုရှိစေနိုင်ရေးကိစ္စ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးရေးကိစ္စ၊ နှစ်နိုင်ငံပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင် အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**(ကုန်သည်/စက်မှုအသင်းချုပ်)**

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် အိမ်မဲဇရာ ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီက ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီ မိုးစပါးစိုက်ပျိုးသည့် တောင်သူဦးကြီးများအတွက် စိုက်ပျိုးစရိတ်ကျပ် သိန်းနှစ်ထောင့်ခြောက်ရာနှင့် လယ်ယာသုံးဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ဇွန် ၁၆ ရက်က အိမ်မဲမြို့ ရန်မျိုးအောင်ခန်းမ၌ ကျင်းပရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မိုးကျော်က ပံ့ပိုးငွေများ ပေးအပ်စဉ်။(မြို့နယ် ပြန်/ဆက်)

## ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ကန်ကြီးထောင့်မြို့နယ်၌ အလှူငွေပေးအပ်

**ကန်ကြီးထောင့် ဇွန် ၂၁**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခန်းမ၌ ဇွန် ၁၃ ရက် နံနက် ၁၀ နာရီခွဲက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တစ်တီတူးချောင်းကျေးရွာရှိ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အမှာစကားပြောကြားပြီး အလှူငွေကျပ် ၂၀၂ သိန်းနှင့် ကျောင်းဝတ်စုံ ၁၀၀ အား လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက လက်ခံယူသည်။**(အပေါ်ပုံ)**

**လှူဒါန်း**

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြို့နယ်မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံကို သွားရောက်ပြီး ကျေးလက်ဒေသမှ လာရောက်မီးဖွားနေသော မိခင်နှင့်ကလေးတို့အား ထောက်ပံ့ငွေနှင့် ဆေးပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ဝ၉၃)

စစ်ကိုင်းမြို့နယ် မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် စကြံမြောင်းမကြီးတစ်လျှောက် နုန်းနှင့်အမှိုက်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးလှမျိုး ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့ ဇွန် ၁၁ ရက်က ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

## တင်းတိန်ရုံ-ထန်းတောဖောစိ အထက အာစရိယပူဇော်ပွဲကျင်းပမည်

**ရွှေဘို ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် တင်းတိန်ရုံ-ထန်းတောဖောဓိ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ရာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့များရှိ ကျောင်းသား ကျောင်းသူဟောင်းများ အလှူငွေထည့်ဝင်ကြရန်နှင့် ပူဇော်ပွဲ ဖြစ်မြောက်ရေးဆောင်ရွက်နိုင်ရန် ဦးဘုန်းတင် ဖုန်း-၀၉-၆၇၀၁၀၁၀၊ ဦးကျော်ဆန်း ဖုန်း-၀၉-၅၀၀၃၈၁၆ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna တာလေမြေငလျင်ဘေးအတွက် အလှူငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်း (၈) ရပ်

(၁) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
(၃) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(၄) အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(၅) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(၆) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊
(၇) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊
(၈) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး။

# အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဇွန် ၂၁

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H. E. Dr. Villur Sundararajan Seshadri လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။**

**ကြိုဆို**

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုကြသည်။

**တွေ့ဆုံ**

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့သွားရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံကာ မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံအကြား နိုင်ငံရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ သွားရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် တွေ့ဆုံကာ မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်စေရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များအား ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna တို့ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

# မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၂၁

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအား အလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

**ဇွန် ၂၂ ရက် ညနေအထိခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေအားကောင်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀ ၇။ ငါးရစ်မျိုးငါး တို့မစား
၈:၃၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ အဆိုပြိုင်ပွဲ
၄:၁၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၁၅ ၄။ တေးဂီတအစီအစဉ်
၄:၂၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ပထဝီဝင် အထူးပြု) (ပထဝီဝင်)
၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၇။ သီချင်းကြီးပဒေသာ
၄:၅၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၀၅ ၉။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅:၂၀ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၅:၂၅ ၁၁။ International Science news
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
၆:၃၅ ၁၅။ **(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုဂျူဒို**
၆:၅၅ ၁၆။ ရွှေရင်ခုန်သံ
၇:၂၀ ၁၇။ လေ့လာစရာ ဗဟုသုတ မကုန်ခန်းနိုင်တဲ့ပြတိုက်၊ ပိဋကတ်တိုက်နှင့် စာကြည့်တိုက်
၇:၃၅ ၁၈။ အလင်္ကာကျော်စွာ မြို့မငြိမ်းနှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၆၉)
၂၄။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၁၀ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် **တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ** ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၁)
၂၅။ အစီအစဉ်ပြီး၏။

**သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# နိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**လက်ခံတွေ့ဆုံ**

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# သတ္တုတွင်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြည်ထောင်စုဝန်ကြီး ပိတောက်ပင်ကို စိုက်ပျိုးပေး

**နေပြည်တော် ဇွန် ၂၁**

သတ္တုတွင်းဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ပိတောက်ပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေး နှုတ်ဆက်သည်။

**စိုက်ပျိုးပေး**

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်အပါအဝင် စုစုပေါင်း အပင် ၃၅၀၀ ကို စိုက်ပျိုးပေးကြရာ ၂၀၁၀ ခုနှစ်အထိ ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်ပင်၊ နှစ်ရှည်စားပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း အပင် ၃၇၇၄၀ ကို စိုက်ပျိုးပေးခဲ့ပြီးဖြစ်ရာ ယခုအခါ စုစုပေါင်းအပင် ၄၁၂၄၀ စိုက်ပျိုးပြီးဖြစ်သည်။

**စိုက်ပျိုးပေး**

**သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သတ္တုတွင်းဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်ပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံး စိမ်းလဲ့ကန်သာဆည် အမှတ် ၃၁ အတွင်းသို့ ငါးကြင်းရွှေဝါနှင့် ငါးမြစ်ချင်းများကို ငါးမျိုးစိုက်ထည့်ပေးပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း ဆည်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြရာ မူလက ငါးမျိုးစုံ ကောင်ရေ ၁၂၂၄၀၀ ရှိပြီး ယနေ့ ငါးကောင်ရေ ၁၃၅၀၀ ထပ်မံစိုက်ထည့်မှုကြောင့် စုစုပေါင်း ငါးကောင်ရေ ၁၃၅၉၀၀ ရှိပြီဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သောအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဇွန် ၂၁**

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri၊ စစ်သံမှူး Col.Rajesh Kumar နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား သွားရောက်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ဇဖားရ်ရှားဂူဗိမာန်သို့လည်း သွားရောက်ဂါရဝပြုခဲ့ကြသည်။ **(သတင်းစဉ်)**

**ပေးအပ်လှူဒါန်း**

**အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna ရွှေတိဂုံစေတီတော် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ဂျပန်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ရုပ်မြင်သံကြားပူးပေါင်းရိုက်ကူး ထုတ်လွှင့်ရေး၊ မီဒီယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ရှေးဟောင်းသုတေသနပြတိုက်နှင့် ယဉ်ကျေးမှုဆိုင်ရာ အဆင့်မြင့်သင်တန်းများ တက်ရောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## လာရောက်တွေ့ဆုံ

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## ဥတုရာသီ တောကိုမို၏

# အိန္ဒိယသမ္မတနိုင်ငံအစိုးရ ဆောက်လုပ်လှူဒါန်းသော တန်(၅၀၀)ဆံ့ Food Security Shelter များဖွင့်ပွဲ အိန္ဒိယပြည်ပရေးရာဝန်ကြီး တက်ရောက်

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna တို့ တန်(၅၀၀) ဆံ့ Food Security Shelter များဖွင့်ပွဲ အထိမ်းအမှတ် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး Logo ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက် မဏ္ဍိုင်လမ်း၌ ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံအစိုးရက ဆောက်လုပ်လှူဒါန်းသည့် တန်(၅၀၀)ဆံ့ Food Security Shelter များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကျေးဇူးတင်စကား ပြောကြားပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna က တန်(၅၀၀)ဆံ့ Food Security Shelter များ ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

**ဖွင့်လှစ်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးတို့က တန်(၅၀၀) ဆံ့ Food Security Shelter များ ဖွင့်ပွဲ အထိမ်းအမှတ် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး Logo ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr.Villur Sundararajan Seshadri၊ စစ်သံမှူး Col. Rajesh Kumar နှင့် တာဝန်ရှိသူများသည် တန် (၅၀၀)ဆံ့ Food Security Shelter များကို လှည့်လည် ကြည့်ရှုကြသည်။

အိန္ဒိယသမ္မတနိုင်ငံ အစိုးရက ဆောက်လုပ်လှူဒါန်းသော တန်(၅၀၀) ဆံ့ Food Security Shelter များမှာ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ သုံးလုံးနှင့် ကော့မှူးမြို့နယ်၌ တစ်လုံး၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့၌ တစ်လုံးစီ စုစုပေါင်း ၁၀ လုံး ဖြစ်သည်။ အဆောက်အအုံများမှာ Steel Structure အမျိုးအစား အလျားပေ ၉၀၊ အနံပေ ၄၀၊ အမြင့် ၁၄ ပေ၊ အောက်ခြေ ရေလွှတ်အမြင့် ၇ ပေ ရှိကာ ဆန်တန်ချိန် ၅၀၀ သိုလှောင်နိုင်ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သောအဖွဲ့သည် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

# ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဈေးကွက်မြှင့်တင်ရေးကော်မတီ နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ၌ ပါဝင်ပြသရေး လုပ်ငန်းညှိနှိုင်း

**နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း(UMTA) နှင့် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ(MMC) တို့မှ ပါဝင်ပြသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) နှင့် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ (MMC) တို့မှ ပါဝင်ပြသရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးရန်နိုင်က ကျင်းပပြီးစီးခဲ့သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြား ရှင်းလင်းပြီး UMTA ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ MMC ဥက္ကဋ္ဌ ဒေါက်တာ အောင်မြတ်ကျော်၊ Myanmar Tourism Board အတွင်းရေးမှူးနှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဋ္ဌေးတို့က နေပြည်တော် ခရီးသွားပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့်ပြီးစီးမှုအခြေအနေများကို ဆွေးနွေး တင်ပြသည်။

**ဖြည့်စွက်ရှင်းလင်း**

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ပြပွဲအတွက် လုပ်ငန်းများ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၂-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၅ ၄။ အဖွင့်သီချင်း
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၆။ လျှပ်တစ်ပြက်
- ၄:၄၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၄:၄၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၉။ ရှေးဟောင်းသုတ
- ၅:၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၇၅)
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၄။ Mail Box
- ၆:၃၅ ၁၅။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၃၂)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၂၁)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာဟာသကမ္ဘာ **မယားနုပန်း (ဇာတ်သိမ်း)** သူရလင်း၊ ဝင်းနိုင်၊ ဧရာနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ - စိန်လင်း(ပုံရိပ်ရွှေမြေ)]
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၂၆)
- ၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

# ရောဂါကြီး(၃)မျိုး တိုက်ဖျက်ရေးလုပ်ငန်း စတင်ဆောင်ရွက် ဆေးယဉ်ပါးမှုထိန်းချုပ်ရေး အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund) အထောက်အပံ့ဖြင့် ရောဂါကြီး (၃)မျိုး တိုက်ဖျက်ရေးအတွက် လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပိုမိုအားဖြည့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုအချိန်တွင် ငှက်ဖျား၊ တီဘီ၊ HIVရောဂါများနှင့် ပတ်သက်၍ ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဒေသအတွင်း နိုင်ငံများ၌ အထက်ပါ ရောဂါ(၃)မျိုးအပေါ် ဆေးယဉ်ပါးမှုပြဿနာများ တွေ့ရှိနေရပြီဖြစ်ရာ ယင်းပြဿနာကို ထိန်းချုပ်နိုင်ရန် နိုင်ငံအသီးသီးက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် Myanmar Country Coordinating Mechanism (M-CCM) အဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် M-CCM အစည်းအဝေး၌ ပြောကြားသည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်နှင့် ဒေါက်တာဝင်းမြင့်၊ Dr. Elmar Vinh-Thomas ဦးဆောင်သော Global Fund Mission အဖွဲ့ဝင်များ၊ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် Myanmar Country Coordinating Mechanism အဖွဲ့ဝင်များ၊ Global Fund ၏ မြန်မာနိုင်ငံအတွက် Principle Recepient များဖြစ်ကြသော UNOPS ၊ Save the Children နှင့် Local Fund Agent တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထို့နောက် 9th M-CCM Meeting အစည်းအဝေးမှတ်တမ်းကို ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က ဖတ်ကြားပြီး အစည်းအဝေးက အတည်ပြုသည်။

ယင်းနောက် ပထမ(၃)လပတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော Global Fund လုပ်ငန်းရပ်များ၊ ငှက်ဖျား၊ တီဘီ၊ HIV စီမံကိန်းများ၏ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ရောဂါ(၃)မျိုး ရန်ပုံငွေ၏ ရှေ့လုပ်ငန်းစဉ်များနှင့် Global Fund Round 11 အဆိုပြုလွှာများ တင်သွင်းမည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် Global Fund Mission အဖွဲ့က ကွင်းဆင်းလေ့လာရာတွင် တွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ရှင်းလင်းတင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဖေသက်ခင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၁**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမှာစကားပြောကြား

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

# ရုရှား၌ ခရီးသည်တင်လေယာဉ်ပျက်ကျ ၄၄ ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိ

**မော်စကို ဇွန် ၂၁**

ရုရှားနိုင်ငံအနောက်မြောက်ပိုင်းတွင် ဇွန် ၂၁ ရက် နံနက်က ခရီးသည်တင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ၄၄ ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ဖြစ်ပွားမှုမှာ ခရီးသည် ၄၃ ဦးနှင့် လေယာဉ်အမှုထမ်းကိုးဦးအား တင်ဆောင်ကာ မော်စကိုမြို့မှ ရုရှားနိုင်ငံ ပီထရိုဇာဗော့ဒ်မြို့သို့ ပျံသန်းလာသော တူပိုလက်ဗ် တူ-၁၃၄ လေယာဉ်သည် ပီထရိုဇာဗော့ဒ်လေဆိပ်မှ တစ်ကီလိုမီတာအကွာ အဝေးပြေးကားလမ်းမပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျရာသို့ ကယ်ဆယ်ရေးအဖွဲ့များ အမြန်ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးထားသည်။ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပျက်ကျခဲ့သည့် လေယာဉ်သည် ရုရှားနိုင်ငံလုပ် အင်ဂျင်နှစ်လုံးတပ် ခရီးသည်တင်လေယာဉ်ဖြစ်ပြီး ရုရှားအဲလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းဖြစ်သည်။ **(အင်တာနက်)**

# မက္ကဆီကိုတောင်ပိုင်းကမ်းလွန်၌ မုန်တိုင်းဖြစ်ပေါ် ၄၈ နာရီအတွင်း ကမ်းခြေဒေသများသို့ တိုက်ခတ်နိုင်

## မိုးမြင့်လင်းလက် စုစည်းသည်

**ဝါရှင်တန် ဇွန် ၂၁**

မက္ကဆီကိုနိုင်ငံ တောင်ဘက်ကမ်းလွန်ရှိ ပစိဖိတ်သမုဒ္ဒရာတွင် ဘက်ရစ်ဇ်အမည်ရှိ မုန်တိုင်းဖြစ်ပေါ်လျက်ရှိရာ ၄င်းမုန်တိုင်းသည် တဖြည်းဖြည်း အားကောင်းလာပြီး လာမည့် ၄၈ နာရီအတွင်း မက္ကဆီကိုနိုင်ငံ ကမ်းခြေဒေသများသို့ ဝင်ရောက် တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း အမေရိကန်အခြေစိုက် အမျိုးသားဟာရီကိန်းဌာနက ဇွန် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**



၄င်းမုန်တိုင်းသည် မင်ဇာနီလိုမြို့ အရှေ့တောင်ဘက်ကမ်းလွန် ၂၅၅ မိုင်အကွာတွင်ရှိနေပြီး တစ်နာရီလျှင် ၁၀ မိုင်နှုန်းဖြင့် ရွေ့လျားလျက်ရှိသည်။ အဆိုပါမုန်တိုင်းသည် မင်ဇာနီလိုမြို့ကို ဖြတ်သန်းကာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကမ်းခြေဒေသများသို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း သတိပေးထားသည်။

ဘက်ရစ်ဇ်မုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်သည့်အခါ တစ်နာရီလျှင် မိုင် ၆၀ ကျော်နှုန်းဖြင့် တိုက်ခတ်နိုင်ကြောင်း ယင်းသတိပေးချက်၌ ဖော်ပြထားသည်။ **(အင်တာနက်)**

# ချီလီမီးတောင်မှ ပြာမှုန်များ ထပ်မံထွက်ပေါ် ဩစတြေးလျ၌ လေယာဉ်ခရီးစဉ်များဖျက်သိမ်း

ကင်ဘာရာ ဇွန် ၂၁

ချီလီနိုင်ငံ၌ ပေါက်ကွဲနေသော မီးတောင်မှ မီးခိုးနှင့်ပြာမှုန်များ ဇွန် ၂၁ ရက်က ဆိုးရွားစွာ ထပ်မံထွက်ပေါ်လာသဖြင့် ဩစတြေးလျနိုင်ငံမှ ပြည်တွင်းလေကြောင်းခရီးစဉ်များအားလုံး ဖျက်သိမ်းလိုက်ရကြောင်း၊ ခရီးသည်အများအပြား လေဆိပ်များ၌ သောင်တင်လျက်ရှိကြောင်း (အပေါ်ပုံ) ဩစတြေးလျအရာရှိများက ပြောကြားသည်။

ထပ်မံထွက်ပေါ်လာသော မီးခိုးနှင့်ပြာမှုန်များကြောင့် ကင်းတက်စ်လေကြောင်းလိုင်းမှ ခရီးစဉ် ၂၅၃ခုနှင့် ဂျက်စတား၊ တိုက်ဂါးလေကြောင်းလိုင်းများမှ လေယာဉ်ခရီးစဉ်များလည်း ဖျက်သိမ်းထားရသည်။ မီးတောင်ပြာမှုန်များသည် ဩစတြေးလျအနောက်ပိုင်း ဝေဟင်ကီလိုမီတာ ၂၀၀၀ ခန့်အထိ လွင့်မျောလျက်ရှိရာ ဩစတြေးလျတောင်ပိုင်းဒေသများအထိ ပျံ့နှံ့ရောက်ရှိနိုင်ကြောင်း သတိပေးထားသည်။ (အင်တာနက်)

# ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့ရန် စေတနာရှင်များ ကုသိုလ်ယူလှူဒါန်း

## စေတီပုထိုးများပြုပြင်ရန်အတွက် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ၏အားဖြင့် ပြည်သူများ ဖူးမြော်ကြည်ညို သဒ္ဓါပွားနိုင်စေရန် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ် ပြည့်စုံ (အငြိမ်းစား)-ဇနီး ဒေါ်အေးပြည့်ဝေခင်၊ ပြည့်ဝေသျှန် မိသားစုရတနာကုမ္ပဏီက ပုဂံဘုရားအမှတ် (၂၀၂၆) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၁၁၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ သား သမီးမြေး မိသားစုများက ပုဂံဘုရားအမှတ် (၂၄၈၀-ဃ) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၅၅သိန်းကို ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် လက်ခံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၂၁**

ပုဂံရှေးဟောင်း စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးအတွက် အလှူငွေ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဘက်စုံခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

### တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ပုဂံရှေးဟောင်းစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးအတွက် လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံးအား ဝန်ကြီးဌာနကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ သမိုင်းအမွေအနှစ်တန်ဖိုးကြီးမားလှသည့် ပုဂံမြေဝယ် ယခုကဲ့သို့ ရှေးဟောင်းစေတီပုထိုးများကို ပြုပြင်ရခြင်း၊ လှူဒါန်းပံ့ပိုးဆောင်ရွက်ရခြင်းသည် အလွန်ထူးမြတ်သည့် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်ဟု ယူဆပါကြောင်း။

### ပျောက်ကွယ်သွားမည်

ပုဂံမြေဝယ် လက်ရှိစေတီပုထိုးပေါင်း သုံးထောင်ကျော်ကျန်ရှိနေပြီး ၎င်းစေတီပုထိုးများအား လက်ရှိမြန်မာပြည်သူများက မထိန်းသိမ်းမစောင့်ရှောက်ကြလျှင် နောင်ဝယ်တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များ တိမ်ကောပျက်စီးပျောက်ကွယ်သွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ပြုပြင်ရန်ကျန်ရှိနေသေးသည့် စေတီပုထိုးများအတွက် နိုင်ငံတော်၏ အား၊ စေတနာရှင် ပြည်သူများ၏အားတို့ဖြင့် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့စေရန်၊ စေတနာရှင် ပြည်သူများ ကုသိုလ်ယူလှူဒါန်းပြီး သဒ္ဓါတရား ပွားများနိုင်စေရန်နှင့် ၎င်းစေတီပုထိုးများအား ပြည်သူအများ ဖူးမြော်ကြည်ညို သဒ္ဓါပွားနိုင်စေရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ပြုပြင်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း။

ဆက်လက်၍ အင်းဝ၊ စစ်ကိုင်း၊ မန္တလေး၊ ရခိုင်ဒေသများရှိရှေးဟောင်း စေတီပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်များအား ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူ ပူးပေါင်းလျက် ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ အလားတူ မန္တလေးရှိ သုဓမ္မာဇရပ်များ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

### ပြန်လည်ပေးအပ်

ထို့နောက် အလှူရှင်များက ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးအတွက် အလှူငွေများပေးအပ်ကြရာ ရှေးဦးစွာ နေပြည်တော်နေ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း ၊ သား သမီးမြေး မိသားစုများက ပုဂံဘုရား အမှတ် (၂၄၈၀-ဃ) ပြုပြင်မွမ်းမံရန် အတွက် အလှူငွေကျပ် ၅၅ သိန်းကို ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### လက်ခံ

ဆက်လက်၍ ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်ပြည့်စုံ (အငြိမ်းစား)-ဇနီး ဒေါ်အေးပြည့်ဝေခင်၊ ပြည့်ဝေသျှန် မိသားစု ရတနာကုမ္ပဏီက ပုဂံဘုရား အမှတ်(၂၀၂၆) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၁၁၀၊ ရန်ကုန် တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၃၆-ဒီ)နေ ဦးထင်ကျော်လင်း- ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း၊ သမီး မလင်းမြတ်ချယ် မိသားစု A.C.E Co., Ltd. က ပုဂံဘုရားအမှတ် (၂၈၂) ပြုပြင်မွမ်းမံရန် အတွက် အလှူငွေကျပ် ၁၈၅သိန်း၊ ပုဂံဘုရားအမှတ်(၃၄၇) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၁၅၀၊ ပုဂံဘုရားအမှတ် (၁၅၃၉) ပြုပြင်မွမ်းမံရန်အတွက် ငွေကျပ်သိန်း ၂၀၀၊ ပုဂံဘုရားအမှတ် (၂၀၅၁) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၄၂၀၊ ပုဂံဘုရားအမှတ်(၁၃၁၂-ဂ) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၁၅၀၊ ပုဂံဘုရားအမှတ် (၁၁၂၂-င) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၂၀၀၊ ပုဂံဘုရား အမှတ် (၁၀၃၆-က) ပြုပြင်မွမ်းမံရန် အတွက် အလှူငွေကျပ် သိန်း ၁၅၀၊ ပုဂံဘုရားအမှတ် (၁၃၁၂-ဃ)ပြုပြင် မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၁၂၀၊ ပုဂံဘုရားအမှတ် (၂၅၉၉) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၄၅၀ ပုဂံဘုရားစေတီ ကိုးဆူ ပြုပြင်မွမ်းမံရန်အတွက် စုစုပေါင်း အလှူငွေကျပ် ၂၀၂၅သိန်း၊ ရန်ကုန် တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏစရည်းပင်လမ်း အမှတ် ၃၅၃ နေ ဦးမင်းညီအေး-ဒေါ်ဇင်မြင့်မောင်၊ သား ပြည့်မင်းညီ မိသားစုက ပုဂံ ဘုရားအမှတ်(၁၅၆) ပြုပြင်မွမ်းမံရန် အတွက် အလှူငွေကျပ် ၆၅ သိန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း-ဇနီး ဒေါ်မြမြဝင်း မိသားစုနှင့် ဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက ပုဂံဘုရား အမှတ် (၈၁၂) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၁၉၅ သိန်း၊ ရန်ကုန်တိုင်း ဒေသကြီး လသာမြို့နယ် (၂၃)လမ်းနှင့် အနော်ရထာလမ်းထောင့် အမှတ် ၂၅ နေ ဒေါ်နွယ်နွယ်စိုး မိသားစုက ပုဂံဘုရားအမှတ် (၁၂၇၇) ပြုပြင် မွမ်းမံရန်အတွက် အလှူငွေ ကျပ် သိန်း ၃၅၀၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး ဝန်ထမ်းများ စုပေါင်း၍ ပုဂံဘုရားအမှတ်(၂၆၁၉) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၁၂၅ သိန်း၊ သစ်တောရေးရာဝန်ကြီး ဌာနက ပုဂံဘုရားအမှတ်(၆၂၉) ပြုပြင်မွမ်းမံရန်အတွက် ပထမအကြိမ် အလှူငွေ ကျပ် ၈၁ သိန်း၊ နေပြည်တော် ကောင်စီဝင် ဦးသန်းအောင်နှင့် မိသားစုက ပုဂံဘုရားအမှတ်(၄၁) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၁၅သိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား ၁လမ်း အမှတ် ၉၀-စီ-၂ နေ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု၊ သား သုဓမ္မမဏိ ဇောတရေ အကယ်ဒမီခန့်စည်သူ မိသားစုတို့က ပုဂံဘုရား အမှတ် (၁၄၀၀-က) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၈၀၊ ရန်ကုန် တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဆေး/ငြိမ်း ရပ်ကွက် ပျဉ်းမလမ်း အမှတ် ၁၆နေ ဦးတင်မြင့်-ဒေါ်သိန်းဟန် မိသားစုတို့က ပုဂံဘုရား အမှတ် (၂၃၂၄) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၆၅ သိန်းနှင့် ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပါရမီလမ်း အမှတ် ၃၀ အေ+ဘီ နေ ဦးထင်လင်း- ဒေါ်ဆွေဆွေဦး၊ သမီး မရွှေစင်ထင်လင်း မိသားစုတို့က ပုဂံ ဘုရားအမှတ်(၂၂၈၃) ပြုပြင်မွမ်းမံရန် အတွက် အလှူငွေ ကျပ် ၂၅သိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ကျင်းပသော ပုဂံရှေးဟောင်း စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေး အတွက် အလှူငွေပေးအပ်ခြင်း အခမ်း အနားတွင် အလှူရှင် ၁၂ ဦးတို့က ပုဂံစေတီဘုရားအဆူ ၂၀အတွက် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၃၁၁၆ သိန်းဖြစ်သည်။ ပုဂံဒေသရှိ ပြုပြင်ရန် ကျန်ရှိနေသေးသော စေတီ၊ ဘုရား ပုထိုး(၁၂၃)ဆူ အတွက် ၂၀၁၁ ခုနှစ် မေ ၁၃ ရက်မှ စတင်၍ အလှူငွေများ ထပ်မံကောက်ခံလျက်ရှိရာ ယနေ့အထိ အလှူရှင် ၂၆ ဦးတို့က ဘုရား ၃၅ ဆူအတွက် လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၄၁၂၃ သိန်း၊ ပြည်သူလူထုက နဝကမ္မအလှူငွေ အဖြစ် လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၀၂၂၉၀၀၀နှင့် အမေရိကန်ဒေါ်လာ ၂ဒေါ်လာ ရရှိပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပညာရပ်ဆိုင်ရာဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၁**

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၀၈/၂၀၁၁)ကို ၂၀၁၁ ခုနှစ် ဇွန်လ ၂၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room ၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် "Bamboo And Its Under Estimated Potential" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး ဗိသုကာများနှင့်တကွ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၇၃၁၅၄၄၆၀၊ ၀၁-၅၁၉၆၇၃~၇၆ (လိုင်းခွဲ-၁၁၉)သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(ဗိသုကာအသင်း)**

**သင့်ကြောင့် ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအားလုံး စနစ်တကျ စီမံခန့်ခွဲသုံးစွဲနိုင်ရန်အတွက် စိစစ်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးကော်မရှင်အား ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၂၉ အရ ဖွဲ့စည်းခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ဧပြီ ၇ ရက်တွင် ကော်မရှင်၏ ပထမအကြိမ်အစည်းအဝေး(၁/၂၀၁၁)ကို ကျင်းပပြီးစီးပြီးဖြစ်ကြောင်း။

## တင်ပြအတည်ပြု

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မရှင်အနေဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ အရ အသုံး ခန့်မှန်းခြေငွေစာရင်းများအားလုံးကို စိစစ်၍ ဥပဒေကြမ်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန်ဖြစ်ကြောင်း။

သို့သော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ၂၇-၁-၂၀၁၁ ရက်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း။

## ထည့်သွင်းရေးဆွဲ

အဆိုပါ ဥပဒေတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရ အသုံး ခန့်မှန်းခြေငွေစာရင်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် စည်ပင်သာယာရေးအဖွဲ့များအားလုံး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ အရ အသုံး ခန့်မှန်းခြေငွေစာရင်းများကိုပါ ထည့်သွင်းရေးဆွဲခဲ့ကြောင်း။

သို့ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများအနေဖြင့် စတင်ဖွဲ့စည်းသည့်ကာလဖြစ်သည့်အတွက် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တာဝန်ယူစီမံခန့်ခွဲနိုင်မည့်လုပ်ငန်းများကို လေ့လာရန်လိုအပ်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အရ အသုံး ခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သော အဖွဲ့အစည်းများအားလုံးအနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ရငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ သုံးငွေများကိုလည်း လျာထားချက်အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှသာ ထုတ်ယူသုံးစွဲရန်ဖြစ်ပြီး လက်ရှိရေးဆွဲထားမှုအခြေအနေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အရ အသုံး ခန့်မှန်းခြေငွေစာရင်းများတွင် ဘတ်ဂျက်လိုငွေ ပေါ်ပေါက်နေခြင်းအတွက် မိမိဒေသ၏ အရ အသုံး ခန့်မှန်းခြေ ငွေစာရင်းများကို ပြန်လည်လေ့လာရန် လိုအပ်ခြင်းတို့ကြောင့် ဘဏ္ဍာရေးကော်မရှင် ပထမအကြိမ် အစည်းအဝေးတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမ (၆) လ (ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ) အရ အသုံး ခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုအဆင့် ဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ မခွဲခြားဘဲ နိုင်ငံတော်က တာဝန်ယူ၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်စေခဲ့ရာ ယခုလကုန်ဆိုလျှင် ပထမ (၃)လ ပြည့်မြောက်ပြီဖြစ်ကြောင်း။

## စိစစ်တင်ပြ

ပထမ (၃)လအတွင်း တိုင်းဒေသကြီး၊ ပြည်နယ် အရ အသုံး ဆိုင်ရာကိစ္စများ ပြန်လည်လေ့လာရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင်ပါရှိသည့် ကဏ္ဍအသီးသီးဖြစ်သည့် စီမံကိန်းကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍများအလိုက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအသီးသီးမှ မိမိတို့ ဘဏ္ဍာရန်ပုံငွေဖြင့် တာဝန်ယူ စီမံခန့်ခွဲနိုင်မည့် လုပ်ငန်းများကို စိစစ်တင်ပြနိုင်ရန် လိုအပ်ကြောင်း။

သီးခြားရန်ပုံငွေများဖြင့် ဆောင်ရွက်နေသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့များအနေဖြင့်လည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်နေပြီဖြစ်ပြီး တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဖြင့် ညှိနှိုင်းဖြေရှင်းလျက်ရှိကြောင်း၊ အဆိုပါ

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဖွဲ့အစည်းများအနေဖြင့် ၁-၁၀-၂၀၁၁ ရက်မှစ၍ မိမိတို့သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်အတွင်း ပြောင်းလဲပါဝင် ဆောင်ရွက်လာကြမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မလုံလောက်မှုများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဝိုင်းဝန်းထောက်ပံ့ပေးရန် အစီအစဉ်ရှိကြောင်း၊ ထောက်ပံ့ရာတွင်လည်း ပြည်ထောင်စုမှ ရရှိသည့်အပေါ်မူတည်၍ မျှမျှတတ ခွဲဝေပေးနိုင်ရန် လိုအပ်မှာဖြစ်ကြောင်း၊ သို့သော် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် မိမိရှာဖွေနိုင်သည့်ဝင်ငွေဖြင့် မိမိတို့ သုံးစွဲနိုင်သည့် အခြေအနေရောက်ရှိအောင် ကြိုးစားဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

## ရသုံးခန့်မှန်းခြေ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် ပထမ (၆) လ၏ ဒုတိယ (၃)လဖြစ်သည့် (ဇူလိုင်လမှ စက်တင်ဘာလ)များအတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၏ ဒုတိယ (၆)လအတွက် (အောက်တိုဘာလမှ မတ်လအထိ) မိမိတိုင်းဒေသကြီး/ ပြည်နယ်အတွင်း မိမိတိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းပြီး တိုင်းဒေသကြီး/ ပြည်နယ် ရသုံးခန့်မှန်းခြေ ငွေစာရင်းများကို ရေးဆွဲနိုင်ရေးစတင်ရန် လိုအပ်ပြီဖြစ်ကြောင်း။

၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လအတွက် အရ အသုံး ငွေစာရင်းရေးဆွဲရာတွင် မည်သည့်အခြေအနေများမှ ဝင်ငွေ ပိုမိုတိုးတက်ရရှိနိုင်မည်၊ ရရှိအောင်လုပ်ဆောင်နိုင်မည်၊ မည်သည့်အသုံးစရိတ်များမှာ စနစ်တကျ သုံးစွဲမှုမရှိ၍ လေလွင့်ဆုံးရှုံးမှုရှိနေသည်၊ လစ်ဟာမှုရှိနေသည် စသည်ဖြင့် မိမိတို့ဒေသအခြေအနေများမှ သိရှိထားသည့် အချက်အလက်များအရ စနစ်ကျနသော ရသုံးခန့်မှန်းခြေငွေစာရင်းတစ်ခု ရေးဆွဲကြရန် ဖြစ်ကြောင်း။

ထို့ပြင် ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၁-၂၀၁၂ ခုဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် အရေးကြီးသော စီမံကိန်းလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လောလောဆယ် မလိုအပ်သော အသုံးစရိတ်များကို လျှော့ချရန်အတွက် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ ပြန်လည်ညှိနှိုင်းမှုအရ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ လိုငွေဖြစ်ပေါ်မှုမှာ မူလလျာထားသည်ထက် ကျပ် ၅၅၃၂၀၂ သန်း လျှော့နည်းသွားခဲ့ကြောင်း၊ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၃ ဒသမ ၅၉ ရာခိုင်နှုန်းသို့ လျှော့ကျခဲ့ကြောင်း။

## ပြန်လည်လေ့လာ

ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အရ အသုံး ခန့်မှန်းခြေငွေစာရင်းလိုငွေလျှော့ချနိုင်ခဲ့သည့်နည်းတူ တိုင်းဒေသကြီး/ ပြည်နယ် အရ အသုံး ငွေစာရင်းများအား လိုငွေလျှော့ချရေးဆွဲနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် သေချာစွာ ပြန်လည် လေ့လာရန် လိုအပ်ကြောင်း။

ထို့ပြင် ရှေ့လာမည့်နှစ်များတွင်လည်း Balance Budget ဖြစ်ရေးအတွက် ရည်မှန်းချက်ထားပြီး ဦးတည်ဆောင်ရွက်သွားရန်၊ ဘတ်ဂျက်လိုငွေ လျှော့ချနိုင်ရေး ဦးတည်ဆောင်ရွက်သော်လည်း နိုင်ငံနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခြင်း မဖြစ်စေရေးအတွက် အရည်အသွေးရှိသော စီမံအုပ်ချုပ်မှုဖြင့် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် လာမည့် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာအခွန်၊ သစ်တောနှင့် သားငါးဝန်ကြီးဌာန ဝန်ကြီးတို့က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ၂၀၁၁-၂၀၁၂ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းကို ကိုင်တွယ်ရေးဆွဲရာတွင် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များနှင့် အခွန်အကောက်များ အပြည့်အဝ ရရှိရေးဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီး
ဦးခင်မောင်မြင့်က တိုင်းဒေသကြီးနှင့် ပြည်န
ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေများ ပိုမိုခွဲဝေချ
ဆောက်လုပ်ရေးစီမံကိန်းများ ဆောင်ရွက်နေမှု
တင်ပြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထေ
က ဒေသအသီးသီးတွင် ရေလုပ်ငန်းများဆောင်
ရှင်းလင်းတင်ပြသည်။

## လွှဲပြောင်းလုပ်ကိုင်

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထေ
က ဆားလုပ်ငန်းကို တိုင်းဒေသကြီးနှင့် ပြ
လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပေးအပ်ထာ
လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်း
ပူးတွဲဆောင်ရွက်ရမည့် အခြေအနေ၊
ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်
ပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရေ
အပါအဝင် မြစ်ကြောင်းများ၏ ရေလမ်း
ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စု
ဝန်ကြီးဌာန၏ ဝင်ငွေရရှိမှု၊ ရထားလမ်းများ ပြ
များ ဆောင်ရွက်နေမှု၊ ရထားလမ်းဟောင်း
ရထားလမ်းသစ်များ ဖောက်လုပ်ပေးနေမှုနှင့်
ဧရာဝတီမြစ်ကူးတံတားကြီး (၄)စင်းပေါ်တွ
ဖောက်လုပ်ခြင်းနှင့် ကြံခင်း-ပခုက္ကူ
အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်
ဒုတိယဝန်ကြီး ဦးတင့်လွင်က ဝန်ကြီးဌာနက
လုပ်ငန်းရှင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်
တည်ဆောက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြ
တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆေ
ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းမ
ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက နိုင်ငံတေ
သုံးစွဲမှုနှင့် ဖြည့်ဆည်းပေးနိုင်မှုအခြေအနေနှင့်
ပိုက်လိုင်းများနှင့် ရေနံချက်စက်ရုံများ အဆ
အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## စနစ်တကျစိစစ်

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ်အ
ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရ
လျှော့ချပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ
ပိုမိုပေးအပ်ထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြ
ကူညီဆောင်ရွက်ပေးရမည့်လုပ်ငန်းများကိုလည်
ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

## တိုက်တွန်း

သို့ဖြစ်၍ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်
လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲ
စိစစ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့အ
များ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်
အထူးအလေးထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်
Balance Budget ဖြစ်အောင် အားလုံးဝိ
သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြား
ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

# စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကံထူးမစံပြကျေးရွာ၌ ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကံထူးမစံပြကျေးရွာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၇ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

## စုပေါင်းသစ်ပင်စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတွင် တန့်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝ၊ တန့်ဆည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းလွင်(၂)၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၄၀၀ တို့က ကျွန်းပင် ၃၀၀ နှင့် တမာပင် ၁၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# လပွတ္တာမြို့ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ သင်

**နေပြည်တော် ဇွန် ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူဖွ
ဒေသကြီး လပွတ္တာမြို့ စက်မှုလက်မှုပညာသင်တန်းကျောင်း လက်သမား၊ ပန်းရန်၊
စက်ပြင်သင်တန်းနှင့် လျှပ်စစ်ဂဟေသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲကို ဇွန် ၂
အဆိုပါသင်တန်းကျောင်း၌ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြ
တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

## တက်ရောက်

အဆိုပါ သင်တန်းသို့ လပွတ္တာခရိုင်အတွင်းရှိ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်၊
မော်လမြိုင်ကျွန်းမြို့နယ်တို့မှ သင်တန်းသား ၆၀ တက်ရောက်ကြပြီး သင်တန်းကာ
ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လမ်းများအတွက် ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေများ ပိုမိုခွဲဝေချထားမှုနှင့် လမ်းနှင့်တံတား ဆောက်လုပ်ရေးစီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဒေသအသီးသီးတွင် ရေလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## လွှဲပြောင်းလုပ်ကိုင်

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ဆားလုပ်ငန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပေးအပ်ထားမှုနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်ရမည့် အခြေအနေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် အပါအဝင် မြစ်ကြောင်းများ၏ ရေလမ်းထိန်းသိမ်းမှုအခြေအနေများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဝန်ကြီးဌာန၏ ဝင်ငွေရရှိမှု၊ ရထားလမ်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရထားလမ်းဟောင်းများ အဆင့်မြှင့်တင်နေမှု၊ ရထားလမ်းသစ်များ ဖောက်လုပ်ပေးနေမှုနှင့် တည်ဆောက်လျက်ရှိသည့် ဧရာဝတီမြစ်ကူးတံတားကြီး (၄)စင်းပေါ်တွင် ရထားလမ်း ဖြတ်သန်းဖောက်လုပ်ခြင်းနှင့် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က ဝန်ကြီးဌာနက ပံ့ပိုးကူညီမှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆက်သွယ်ရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့်အခြေအနေ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆောင်ရွက်နေသည့် မဟာဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းများ၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်၊ သုံးစွဲမှုနှင့် ဖြည့်ဆည်းပေးနိုင်မှုအခြေအနေနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများနှင့် ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## စနစ်တကျစိစစ်

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအနေဖြင့် ဗဟိုချုပ်ကိုင်မှုများ လျှော့ချပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်ထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုအစိုးရက ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့်လုပ်ငန်းများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

## တိုက်တွန်း

သို့ဖြစ်၍ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲမှုများကို ပိုမို၍ စနစ်တကျ စိစစ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နောင်လာမည့်ကာလတွင် Balance Budget ဖြစ်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ...်မှုလက်မှုပညာသင်တန်းကျောင်း၌ သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၁**

...ဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူဖွင့်လှစ်သော ဧရာဝတီတိုင်း ...က်မှုလက်မှုပညာသင်တန်းကျောင်း လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း၊ ...စစ်ဂဟေသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲကို ဇွန် ၂၀ ရက် နံနက် ၈ နာရီတွင် ...ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် ...ဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

## တက်ရောက်

...့ လပွတ္တာခရိုင်အတွင်းရှိ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်နှင့် ...မှ သင်တန်းသား ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၆ ပတ် ...သိရှိရသည်။ **(သတင်းစဉ်)**

# လှုပ်လှုပ်ရှားရှား မီးရထား

**ဦးချစ်နိုင်(ဘားအံ)**

ယခုတလော အသံတွေကြားနေရသည်။ မီးရထားမှောင်ခိုလက်မှတ်များအကြောင်း၊ မီးရထားတွဲများ သန့်ရှင်းရေးအကြောင်း၊ လက်မှတ်စစ်၊ လက်မှတ်ရောင်းများ ဆက်ဆံရေး အကြောင်း၊ ရထားပေါ်တွင် ကုန်တင်မှုအကြောင်း၊ ရထားပေါ်မှ လက်ပွေ့ဈေးသည်များ အကြောင်း စသည်ဖြင့် မီဒီယာများက ဂျာနယ်ကနေ ပြောသည်ရှိသလို၊ လူထုအော်သံများလည်း ရှိပါသည်။ အချို့ကိစ္စများတွင် မြန်မာ့မီးရထားဝန်ထမ်းများက လုပ်နေခြင်းမဟုတ်ဘဲ ပြင်ပစီးပွားရေးသမားများကြောင့် အဖွဲ့အစည်းပေါ် အထင်အမြင်လွဲမှားမှုများ ရှိနေနိုင်ပါသည်။ ဥပမာအားဖြင့် ရထားလက်မှတ် မှောင်ခိုရောင်းချခြင်းကိစ္စများတွင် အခြေအနေမဲ့များ၊ ၄င်းတို့နှင့် ပတ်သက်ဆက်စပ်သူများက တန်းစီလက်မှတ်ရယူကာ ရရှိလက်မှတ်များကို ခရီးသည်အခက်အခဲပေါ်မူတည်၍ အဆမတန်ဈေးနှုန်းဖြင့် ရောင်းချခြင်းမျိုးမှစ၍ အခြားနည်းလမ်းမျိုးစုံသုံး၍ မှောင်ခိုလက်မှတ် လုပ်ဆောင်နေခြင်းများရှိပါသည်။ (စာလေးမည်စိုး၍ အသေးစိတ်ဖော်ပြခြင်းမရှိဘဲ သာဓကတစ်ခုအနေဖြင့် ဖော်ပြပေးခြင်းဖြစ်ပါသည်) ဝန်ထမ်းများထဲမှ ပြစ်မှုကျူးလွန်သူများရှိလာပါက ကျူးလွန်သည့်အပြစ် အကြီး၊ အသေးပေါ်မူတည်၍ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သည်သာဖြစ်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့ပတ်ရထားများအပါအဝင် တစ်နေ့လျှင် မီးရထား ပြေးဆွဲရသည့် ခရီးစဉ်ခေါက်ရေပေါင်း ၄၅၀ ခန့် ရှိသည်။ နေ့စဉ် လူဦးရေ သုံးသိန်းခန့်နှင့် ထိတွေ့ဆက်ဆံနေရပါသည်။ ဤမျှများပြားလှသည့် ရထားပြေးဆွဲရမှုနှင့် ဆက်ဆံရသည့် လူတန်းစား အလွှာပေါင်းစုံတို့တွင် အခက်အခဲမှာ တစ်ခုမဟုတ်၊ တစ်ခုတော့ ရှိနေနိုင်ပါသည်။ ရထားမတော်တဆမှု၊ စက်ခေါင်းများ၊ တွဲများချွတ်ယွင်းမှု၊ ဆက်ဆံရေးအဆင်မပြေမှု စသည်ဖြင့် တစ်ခုခုတော့ရှိနေနိုင်ပါသည်။

လူမည်သည်မှာ လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိကြပါသည်။ တစ်မိသားစုတည်းမှ ပေါက်ဖွားလာသည့် ညီအစ်ကို မောင်နှမအရင်းများပင်လျှင် စိတ်ထားမတူကြသလို အမြဲတမ်း သဘောထားသင့်မြတ်နေဖို့ဆိုတာလည်း ပိုတောင်ခက်ပါသည်။ သို့ဖြစ်၍ မြန်မာ့မီးရထားနှင့် သွားလာကြသည့် ခရီးသည်ပြည်သူအပေါင်းတို့သည် ၄င်းတို့စိတ်ဆန္ဒနှင့် တစ်ထပ်တည်းကျဖို့ အတော်ပင်ခက်ပါလိမ့်မည်။

မည်သို့ပင်ဖြစ်ပါစေ…မြန်မာ့မီးရထားမှ တာဝန်ရှိသူများသည် ပြည်သူလူထု၏ဆန္ဒနှင့် တစ်သားတည်းဖြစ်နိုင်စေရေးအတွက် ရထားများ၏ ဝန်ဆောင်မှုကောင်းစေရန် နေ့နေ့ညည အဖြေရှာ ဖော်ထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အောက်ခြေဝန်ထမ်းများကိုလည်း ပြည်သူထဲမှ ပေါက်ဖွားလာသည့် သားသမီးများဖြစ်သည့်အားလျော်စွာ ပြည်သူလူထုနှင့် အဆင်ပြေစွာ ဆက်ဆံပြောဆိုတတ်ရေး ပညာပေးဆောင်ရွက်လျက်ရှိပါသည်။ ပြစ်မှုကြီးသည့် အကျင့်ပျက်ဝန်ထမ်းများရှိလျှင်လည်း ထုတ်ပယ်သည့်အထိ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

မည်သို့ဆိုစေ ဤအားနည်းချက်များ လျော့ပါးသွားအောင် အားလုံးက **အပြုသဘောနှင့် ဝိုင်းဝန်းအကြံပေး နားလည်ခွင့်လွှတ်**နိုင်ကြမည်ဆိုပါလျှင် တစ်နေ့တွင် အကောင်းဆုံး အခြေအနေသို့ ရောက်ရှိလာနိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။

မီးရထားတစ်စင်းထွက်ခွာနိုင်ဖို့ရာ အကြောင်းအချက်တွေအများကြီး ညီညွတ်ဖို့လိုပါသည်။ မီးရထားစက်ခေါင်းမောင်းကျွမ်းကျင်ဖို့၊ ကျန်းမာရေးကောင်းဖို့လိုသည်။ ခရီးသည်များ၏ အသက်သည် စက်ခေါင်းမောင်း၏ လက်ထဲတွင်ရှိသည်။ သို့ပါ၍ စက်ခေါင်းမောင်းသည် လုပ်သက်နှင့် အတွေ့အကြုံရှိသူဖြစ်ပြီး စက်ခေါင်းမောင်းသင်တန်းလည်း ဆင်းပြီးသားဖြစ်ရမည့်အပြင် စက်ခေါင်းမောင်းနိုင်ဖို့ ကျန်းမာကြံ့ခိုင်သူတစ်ဦးဖြစ်ရန် လိုအပ်ပါသည်။ အလားတူ စက်ခေါင်းမောင်းကို အထောက်အကူပြုနိုင်ရန်အတွက် စက်ခေါင်းမောင်းအကူ (ဆီလောင်း)သည်လည်း အရေးကြီးပါသည်။ ထို့အတူ တွဲစောင့်များနှင့် ဂါတ်ဗိုလ်များသည်လည်း သူ့တာဝန်နှင့်သူ၊ သူ့နေရာနှင့်သူ အရေးကြီးကြသည်သာဖြစ်ပါသည်။

ရထားမထွက်ခင် တွဲဆိုင်းဖွဲ့တာမှန်ကန်ဖို့လိုသည်။ တွဲခေါင်း၏ စွမ်းဆောင်နိုင်မှုအားပေါ်မူတည်၍ တွဲဆိုင်းများ လိုအပ်သလိုဖွဲ့စည်းရသည်။ တွဲအားလုံး ဝါကင်ဘရိတ် (Vaccum Brake)သို့မဟုတ် လေဘရိတ် (Air Brake)ကောင်းနေဖို့လိုသည်။ ထို့အတူ ဘူတာတိုင်းတွင် အချက်ပြစနစ်ကောင်းရန်လိုသလို ရုံပိုင်၊ ဒုရုံပိုင်၊ လမ်းခွဲကိုင်များသည်လည်း အမှားအယွင်းမရှိ လုပ်ဆောင်နိုင်ဖို့လိုသည်။ သို့မှသာ ရထားတစ်စင်းသည် အန္တရာယ်မရှိ၊ အချိန်မှန်ကန်စွာ ထွက်ခွာသွားလာနိုင်မည် ဖြစ်ပါသည်။

ရထားလမ်းတစ်လျှောက် သံလမ်းများ ကောင်းမွန်ကြံ့ခိုင်နေရန်လိုသည်။ ဇလီဖားများ၊ လမ်းခင်းကျောက်များ အရည်အသွေးပြည့်မီ ပြည့်စုံမှုရှိနေရပါမည်။ ယုတ်စွအဆုံး သံလမ်းဆက် မူလီတစ်လုံးပင် လျော့နည်းမှုမရှိဘဲ ပြည့်စုံကောင်းမွန်ဖို့လိုပါသည်။ ဤသို့မဟုတ်ဘဲ လျော့နည်းနေပါလျှင် ခရီးသည်များအတွက် များစွာအန္တရာယ်ကြီးမားပါသည်။ သို့ဖြစ်ပါ၍ ဇာဝီလှည့်ခေါ် သံလမ်းလုပ်သားများသည် ရထားလမ်းပေါ်တွင် မိုးရွာရွာ၊ နေပူပူ၊ ဆောင်းချမ်းချမ်း၊ နေပူမရှောင်၊ မိုးရွာမရှောင် သွားလာစစ်ဆေးနေရပါသည်။ ရထားတစ်စင်း ကောင်းမွန်စွာသွားလာနိုင်ရန် တာဝန်ရှိဝန်ထမ်းများ၊ ရုပ်ဝတ္ထုပစ္စည်းများအားလုံးသည် သူ့နေရာနှင့်သူ ကောင်းမွန်အဆင်ပြေနေရန်လိုအပ်ပါသည်။

ရန်ကုန်-မန္တလေးရထားလမ်းသည် မိုင်ပေါင်း ၃၈၅ မိုင်ကျော်သောကြောင့် ဤရထားလမ်းတစ်လျှောက်တွင် ဘူတာများ၊ အချက်ပြစနစ်များ၊ တံတားများ၊ သံလမ်းများ၊ သံလမ်းဆက်များ၊ သံလမ်းဆက်မူလီများ၊ လမ်းခင်းကျောက်များ၊ ဇလီဖားများ စသည်ဖြင့် ရှိနေမည့် အရေအတွက်သည် အလွန်ပင်များပြားနေမည်ဖြစ်သလို စစ်ဆေးရမည့်လူများသည်လည်း အင်အားပြည့်ပြည့်ဝဝ ရှိနေရန်လိုအပ်မည်ဖြစ်ပြီး စနစ်တကျ စစ်ဆေးလုပ်ဆောင်တတ်ကြရန်လည်း လိုအပ်ပါသည်။ စာရေးသူတင်ပြခဲ့သည်မှာ ခြုံငုံ၍တင်ပြခဲ့ခြင်းသာဖြစ်ပါသည်။ အမှန်တွင် ဘူတာလုပ်ငန်း၊ အချက်ပြလုပ်ငန်း၊ သံလမ်းများကြံ့ခိုင်မှုနှင့် တံတားများ ကောင်းမွန်အောင်လုပ်ရသည့် လုပ်ငန်းများတစ်ခုစီ၏ အသေးစိတ်လုပ်ငန်းများမှာ အချိန်ယူ လုပ်ဆောင်ရသကဲ့သို့ လူအင်အား၊ ပစ္စည်းအင်အား၊ ငွေအင်အားများဖြင့် စနစ်တကျ အမှားအယွင်းမရှိ လုပ်ဆောင်ရသည့် လုပ်ငန်းလည်းဖြစ်ပါသည်။

ရထားတွဲများတွင် ရေပြည့်စုံလုံလောက်စွာ ရရှိရေးအတွက်လည်း ရေထည့်နိုင်သည့် သတ်မှတ်ဘူတာများတွင် ရထားများရေဖြည့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ များပြားလှသည့် ရထားများကို ရထားပြေးဆွဲသည့်အချိန်ကို မထိခိုက်စေဘဲ ဘူတာသို့ ရထားဝင်ရောက်ချိန်တွင် လူအင်အား၊ စက်ပစ္စည်းအင်အားများ သုံး၍ရသည့်အချိန်အတွင်း အချိန်ကိုက် မမှားမယွင်း လုပ်ဆောင်ရပါသည်။ ရထားများအား ရေဖြည့်သည့်စနစ် ကောင်းရန် လိုအပ်သလို ရထားတွင်ပါရှိလာသည့် ရေတိုင်ကီများလည်း ပြည့်စုံကောင်းမွန်ရန် လိုအပ်ပါသည်။ ရထားပေါ်ပါရှိရမည့်ရေနှင့်ပတ်သက်၍ အခက်အခဲမရှိ ပြည့်စုံမှုရှိစေရန်လည်း ဝန်ထမ်းအားလုံး ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ရထားတွဲများ၊ ခေါင်းများသည်လည်း သုံးစွဲချိန်ကြာလာသည်နှင့်အမျှ ချွတ်ယွင်းမှုများ ရှိလာနိုင်ပါသည်။ မြန်မာ့မီးရထား **“မမ”**တွင် တွဲများ၊ စက်ခေါင်းများအနေဖြင့် အသစ်များရှိသလို လွတ်လပ်ရေးမရခင်ကတည်းက အသုံးပြုခဲ့သောတွဲများနှင့် ၁၉၅၈ ခုနှစ် ကတည်းက အသုံးပြုခဲ့သော စက်ခေါင်းများလည်းရှိနေ၊ အသုံးပြုနေပါသေးသည်။ တွဲနှင့် စက်ခေါင်းများကို လမ်းပိုင်းနှင့် လူဦးရေအနေအထားပေါ်တွင်မူတည်၍ ခွဲဝေမျှတ အသုံးပြုနေရသည်ဖြစ်ရာ အချို့နေရာများတွင် ကောင်းသည့်စက်ခေါင်းနှင့် တွဲများရှိသလို အချို့နေရာများတွင် ချွတ်ယွင်းလာပြီဖြစ်သော တွဲများနှင့် စက်ခေါင်းများကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာ့မီးရထားအနေနှင့် ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ခေတ်စနစ်နှင့်အညီ နိုင်ငံတော်၏ ဆောင်ရွက်ပေးမှုနှင့် ပြည်သူလူထုတစ်ရပ်လုံးကပါ စည်းကမ်းရှိကြမည်ဆိုလျှင် တစ်ချိန်တွင် အများပြည်သူ လိုလားတောင့်တလျက်ရှိသော အခြေအနေတစ်ခုသို့ ရောက်ရှိလာနိုင်မည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။

ဤနေရာတွင် အရေးကြီးဆုံးအချက်တစ်ခုတော့ တင်ပြလိုပါသည်။ အများပြည်သူ လိုလားတောင့်တသော အခြေအနေသို့ရောက်ရှိရန် ပြည်သူများက ဝိုင်းဝန်းပါဝင်ကူညီဖို့ လိုသည်။ သုံးစွဲသောအိမ်သာများ၊ ရေပိုက်ခေါင်းများ၊ တံခါးများ၊ ထိုင်ခုံနှင့် မီးခလုတ်များသည် ညစ်ပတ်လွယ်၊ ပျက်စီးလွယ်သဖြင့် စနစ်တကျ အသုံးပြုရန်လိုပါသည်။ ထို့ပြင် ရထားလမ်းပိုင်းများတွင် ရထားခဲပေါက်ခံရမှုများ ရံဖန်ရံခါ ဖြစ်ပေါ်တတ်သဖြင့် ခရီးသည်များ ဒဏ်ရာရကာ ပြည်သူပိုင်ရထားများ ပျက်စီးမှုများရှိခဲ့သည်။ ထို့ပြင် ရထားလမ်းများတွင် သံလမ်းဆက်/မူလီများ ဖြုတ်ခိုးခံရမှုများကြောင့် ပြည်သူပိုင်ပစ္စည်းများ ဆုံးရှုံးရသလို ရထားစီးခရီးသည်များအတွက်လည်း လွန်စွာအန္တရာယ်ကြီးပါသည်။ ရထားလမ်း နယ်မြေတွင် ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ တရားမဝင်ဆိုင်ခန်းများ ဖွင့်လှစ်လုပ်ကိုင်နေခြင်းများကြောင့်လည်း ရထားဝန်ထမ်းများ အခက်အခဲနှင့် ကြုံတွေ့ရသလို ပြည်သူ့အမြင်တွင်လည်း **“မမ”**အပေါ် အထင်လွဲမှားမှုများ ရှိနိုင်ပါသည်။

သို့ပါ၍ ပြည်သူများ စည်းကမ်းရှိရှိဖြင့် ဝိုင်းဝန်းကူညီမှသာ ပြည့်စုံကောင်းမွန်သော ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်ပါသည်။

တွဲများ၊ အိမ်သာများ သန့်ရှင်းရေးနှင့်ပတ်သက်၍လည်း တာဝန်ရှိသူများသည် ယခင်ကထက်ပိုမို၍ ဂရုစိုက်ဖြေရှင်းပေးလျက်ရှိပါသည်။ ပထမအဆင့်အနေဖြင့် ရန်ကုန်နှင့် မန္တလေးတို့တွင် စက်မှုနှင့်လျှပ်စစ်ဌာနမှ ကျွမ်းကျင်သူများကို လုံလောက်သောအင်အားဖြင့် စုဖွဲ့ပြီး ရထားပေါ်တွင် လိုက်လံကြည့်ရှုပြင်ဆင်ခြင်းလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်စေလျက်ရှိပါသည်။ အိမ်သာတံခါးချက်များ၊ ပြတင်းပေါက်တံခါးချက်များ မကောင်းခြင်း၊ ရေပိုက်ခေါင်းများ မကောင်းခြင်းနှင့် ပန်ကာမလည်၊ မီးမလင်းသည်များကို ချက်ချင်းပြင်ဆင်ဆောင်ရွက်စေလျက်ရှိပါသည်။ ရန်ကုန်တွင် ပြင်ဆင်ချိန်မရသည်များကို မန္တလေးစက်ပြင်အဖွဲ့သို့ သတင်းပို့၍ မန္တလေးတွင် ပြင်ဆင်စေခြင်း၊ မန္တလေးတွင် ပြင်ဆင်ချိန်မရသည်များကို ရန်ကုန်စက်ပြင်အဖွဲ့သို့ သတင်းပေး၍ ရန်ကုန်တွင် ပြင်ဆင်စေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နေပြည်တော်ဘူတာတွင်လည်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းထားပြီး ရထားဝင်ရောက်ချိန်တွင် ရထားပေါ်တက်၍ အားနည်းချက်များကို စစ်ဆေးကြည့်ရှုပြီး ပြုပြင်ရမည့်အချက်များကို ရန်ကုန်နှင့်မန္တလေးစက်ပြင်အဖွဲ့များသို့ သတင်းပေးပို့ ပြင်ဆင်စေခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ရထားများ ပြုပြင်သည်ဆိုရာဝယ် အသေးအဖွဲပြုပြင်၍ရသည်များကို အဖွဲ့များဖွဲ့စည်းပြီး ရထားပေါ်လိုက်လံ၍ ပြင်ဆင်ခြင်း၊ ရထားရောက်ချိန်၊ ရပ်နားချိန်များတွင် ပြုပြင်ဆောင်ရွက်ခြင်းများ ပြုလုပ်ရပါသည်။ ဤသို့လုပ်မှသာ ရထားပြေးဆွဲသည့်ခေါက်ရေ လျော့သွားခြင်းနှင့် ရထားအချိန်မှန်ကန်ခြင်းတို့ကို မထိခိုက်မည်ဖြစ်ပါသည်။ ရထားရောက်ချိန်တွင်လုပ်ရသဖြင့် ညမိုးချုပ်မှ မီးထွန်းပြီး ဆောင်ရွက်ရသည်လည်းရှိသည်။ မိုးလင်းပေါက် ဆောင်ရွက်ရသည်များလည်း ရှိပါသည်။ အကြီးစားပြင်ရန် လိုအပ်သည့်တွဲများကိုတော့ မြစ်ငယ်တွဲပြင်စက်ရုံများသို့ ပို့ဆောင်၍ လုပ်ဆောင်ရပါသည်။

အိမ်သာသန့်ရှင်းရေးကိုလည်း အလားတူပင် ခရီးဆုံး ရထားဆိုက်ရောက်ပြီးနောက် ရထားတွဲများ၊ အိမ်သာများကို ကန်ထရိုက်ပေးထားသော သန့်ရှင်းရေးအဖွဲ့များအား ညတွင်းချင်း အပြီးလုပ်ဆောင်စေလျက်ရှိပါသည်။ နောက်တစ်ရက် ရထားမထွက်ခွာမီ တွဲများ၊ အိမ်သာများ အပြီးဆေးကြောပြီးဖြစ်ရမည်မှာ ပုံမှန်လုပ်ဆောင်နေရမည့် တာဝန်ပင် ဖြစ်ပါသည်။ ဤတာဝန်များကို အားနည်းလစ်ဟာမှုမရှိစေရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

ရထားမနက်ပိုင်း စတင်မထွက်ခွာမီ သတ်မှတ်ထားသောအဖွဲ့များသည် တွဲဆိုင်းဖွဲ့ဆင်မှု မှန်ကန်ရေးအတွက်လည်းကောင်း၊ လုံခြုံရေးအတွက်လည်းကောင်း၊ တွဲများ သန့်ရှင်းကောင်းမွန်စေရန်အတွက်လည်း အသေးစိတ် စစ်ဆေးပြင်ဆင်ပြီးမှ သတ်မှတ်ချိန် ရထားထွက်နိုင်အောင် နိစ္စဓူဝ လုပ်ကိုင်ဆောင်ရွက်ကြရပါသည်။ မိဘပြည်သူများ၏ အပြုသဘောဆောင်သော ထောက်ပြမှုများကို **“မမ”**မှ ကြိုဆိုပါသည်။ ရထား၏ သဘောသဘာဝသည်လည်း ကြီးမားကျယ်ပြန့်ခြင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်းလုပ်၍ မရခြင်းကြောင့် နားလည်မှုများနှင့် ဝိုင်းဝန်းကူညီကြပါရန်လည်း ဖိတ်ခေါ်အပ်ပါသည်။ ခေတ်သစ်၊ စနစ်သစ်၊ အစိုးရသစ် လက်ထက်တွင် **“မမ”**သည် အားမာန်အပြည့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

မီးရထားများ နေ့စဉ် စုန်ချည်၊ ဆန်ချည်ဖြင့် မမောမပန်း မနားတမ်း ပြေးလွှားနေပါသည်။ ဤမီးရထားကြီး မနားတမ်း ပြေးလွှားလှုပ်ရှားမှု ရှိနေသည်နှင့်အမျှ မီးရထားပေါ်၊ ရထား သံလမ်းပေါ်၊ လမ်းကြောင်း ဘူတာစဉ်တစ်လျှောက် တာဝန်ရှိသူများသည်လည်း အလားတူ မမောမပန်း အလုပ်လုပ်နေကြရပါသည်။ ပြည်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှု ပေးနိုင်အောင် နေ့နေ့ညည လှုပ်ရှားနေကြရသည်။ သို့ဖြစ်၍ ဤပြယုဂ်ကို **“လှုပ်လှုပ်ရှားရှား မီးရထား”**လို့ပင် ဆိုချင်ပါတော့သည်။ ။

# နိုင်ငံ့ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ အဂတိလိုက်စားမှုကင်းရှင်း၍ ဥပဒေနှင့်အညီ တိကျမှန်ကန်မြန်ဆန်စွာဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူလူထု၏အကျိုးကို ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုကင်းရှင်း၍ ဥပဒေနှင့်အညီ တိကျမှန်ကန် မြန်ဆန်ဆောလျင်စွာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ပြည်သူလူထုနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံရသော ဝန်ထမ်းအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏လုပ်ဆောင်ချက်များသည် လူထုအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် လိုအပ်သကဲ့သို့ လုပ်ပိုင်ခွင့်ကို အလွဲသုံးမှု အထူးရှောင်ရှားကြရမည်ဖြစ်ကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ဇွန် ၂၀ ရက် နံနက် ၉ နာရီခွဲက ဝမ်းတွင်းမြို့နယ်ခန်းမ၌ ကျင်းပသော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် တောင်သူလယ်သမားများအား အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးငွေ ထုတ်ချေးခြင်းကို ဇူလိုင်လမှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တွင် ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လူတိုင်းနှင့် သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင်လည်း လူတိုင်းကိုယ်စီ အင်တိုက်အားတိုက် ပါဝင်ကာ ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူအချင်းချင်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းတည့် ၁၂နာရီတွင် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ပြီး**(အောက်ပုံ)** မိတ္ထီလာမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်းလက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**လှူဒါန်းနိုင်သည့် နေရာဌာနများ**

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန<br>ရုံးအမှတ်(၃၅)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်<br>စာကြည့်တိုက်ဦးစီးဌာန<br>ရုံးအမှတ်(၃၅)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်<br>စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ<br>၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့<br>ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်<br>စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့<br>ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်<br>စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ<br>မန္တလေးမြို့<br>ဖုန်း-၀၂-၇၆၁၅၂

# ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၅)ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၅) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး **(အပေါ်ပုံ)** တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူစုစုပေါင်း ၁၅၀၀ တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း ရက်တိုသင်တန်း ပခုက္ကူမြို့၌ ဖွင့်လှစ်

**ပခုက္ကူ ဇွန် ၂၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း ရက်တိုသင်တန်းဖွင့်ပွဲကို ဇွန် ၁၃ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့ကုန်စည်ဒိုင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ **(အောက်ပုံ)**က အမှာစကားပြောကြားပြီး ပခုက္ကူမြို့နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်တင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ သင်တန်းကို မကွေးတိုင်းဒေသကြီးကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများကို သိရှိစေရန်နှင့် ကုန်သွယ်မှုအဆင့်မှ နိုင်ငံတကာ ကုန်သွယ်မှုအဆင့်သို့ တက်လှမ်းနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(၁၀၂)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ရေမြောင်းများ ရေစီးရေလာကောင်းစေချင်

**စာတည်းခင်ဗျား-**

သဃ်ၤန်းကျွန်းမြို့နယ် (ခ)ရပ်ကွက်အတွင်းရှိ ရေမြောင်းများပိတ်ဆို့၍ ပြည်တော်သာလမ်းမပေါ်သို့ ရေများစီးဆင်းလျက်ရှိခြင်းကြောင့် လမ်းပျက်စီးလျက်ရှိရာ ရပ်ကွက်အတွင်းနေထိုင်သူ ကလေးသူငယ်များအတွက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(ခ)ရပ်ကွက်သား**

### ဂျယ်လီလုပ်ငန်းကြောင့် ကျန်းမာရေးထိခိုက်ရ

**စာတည်းရှင့်-**

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် ၂ လမ်းရှိ ဂျယ်လီလုပ်ငန်းမှ ထွက်ပေါ်လာသော မီးခိုးမှိုင်းနံ့၊ ဓာတုဆေးဝါးနံ့များနှင့် စက်ဆူညံသံတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးထိခိုက်ရသူ**

**အဝိုင်းပတ်ယာဉ်ကို ဦးစားပေးပါ။**

### မိလ္လာကန်လျှံနေမှု ဆောင်ရွက်ပေးပါ

**စာတည်းရှင့်-**

ဗဟန်းမြို့နယ် ရေတာရှည်လမ်း တိုက်အမှတ် ၈၅ (အေ)နှင့် ၈၅ (ဘီ) လမ်းကြားရှိ မိလ္လာကန်သည် အမြဲလျှံလျက်ရှိသောကြောင့် ၄င်းမှထွက်သော အနံ့ဆိုးအား ပတ်ဝန်းကျင်နေထိုင်သူများ မခံနိုင်ပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရေတာရှည်လမ်းသူ**

### ငုံးခြံမှအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား-**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဇလုပ်အနောက်ကျေးရွာ၌ ငုံးများအားစီးပွားဖြစ်မွေးမြူထားရာ ၄င်းငုံးခြံမှ ထွက်ရှိသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသောကြောင့် ငုံးခြံအား သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ဇလုပ်သား**

**ဇွန် ၁၉ ရက်က ရန်ကင်းမြို့နယ် ပညာရေးကောလိပ်တွင် ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပရာ တိုင်းဒေသကြီး ဦးစီးဌာနမှူး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲထွန်းဦးက ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ ဖြေဆိုနေမှုအား ကြည့်ရှုအားပေးစဉ်။** (၀၄၅)



## အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအတွက် Air Conditioner များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၆-၂၀၁၁ရက်
တင်ဒါပိတ်မည့်ရက် - ၁၄-၇-၂၀၁၁ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

## လူပျောက်ကြော်ငြာ

ဦးထွန်းကြည်၏သား မောင်မောင်ဌေး ၄/ထတလ(နိုင်) ၀၄၇၉၇၈ အသက်(၁၅)နှစ်သည် ၁၅-၆-၂၀၁၁ ရက်တွင် အမှတ် ၂၀၃၀၊ ရတနာသစ္စာလမ်း၊ ၁၄၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်-**
**ဦးတင်ထွန်း ဖုန်း-၀၉-၈၆၂၃၆၂၄**
**ဒေါ်လှိုဆုံ ဖုန်း-၆၁၀၇၅၃**

**စာအုပ်စာပေ လှမိုတ်ဆွေ**

## အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဖြန့်ဖြူးရေးဌာနခွဲများအတွက် လိုအပ်သောဓာတ်အားလိုင်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၆-၂၀၁၁ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၇-၂၀၁၁ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂


**အရေးကြီးယာဉ်၊**
**မီးသတ်ယာဉ်၊**
**သူနာပြုယာဉ်များ**
**အချက်ပေးသံဖြင့်လာလျှင်**
**ဦးစားပေးပါ။**

## စင်းလုံးငှား(တက္ကစီ)ယာဉ်များ လိုက်နာရန်

(၁) လုပ်ငန်းလိုင်စင် ရယူခြင်းမရှိဘဲ ခရီးသည်တင်ဆောင် မောင်းနှင်ခြင်း မပြုရ။
(၂) ခရီးသည်တစ်ဦးတစ်ယောက်က ငှားရမ်းလျှင် လုံလောက်သောအကြောင်း တစ်စုံတစ်ရာမရှိဘဲ အငှားလိုက်ရန် ငြင်းဆန်ခြင်းမပြုရ။
(၃) ခရီးသည်သွားလိုရာသို့ အနီးဆုံးလမ်းခရီးဖြင့် ပို့ဆောင်ပေးရမည်။ ခရီးသည်က လမ်းခရီးကို ညွှန်ကြားလာလျှင် ညွှန်ကြားသည့်အတိုင်း ပို့ဆောင်ပေးရမည်။
(၄) ခရီးသည် မေ့ကျန်ခဲ့သောပစ္စည်းကို ပိုင်ရှင်ထံ အမြန်ဆုံးပို့ပေးရမည်။
(၅) ပြည်သူတို့နှင့် ဆက်ဆံရာတွင် ပြေပြစ်ရမည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မွန်ပြည်နယ် ကျိုက်မရောမြို့၌ လက်နက်နှင့် အလင်းဝင်ရောက်သည့် အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ယခင်ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ လက်အောက်ခံ တပ်ရင်း(၇၀၉)မှ တပ်ခွဲမှူး ဦးစီးအင်အား ၂၅ ဦး လက်နက်နှင့် အလင်းဝင်ရောက်သည့် အခမ်းအနားကို ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့ အမှတ်(၁၅) ရဲတပ်ရင်းရဲသံလွင်ခန်းမ၌ ကျင်းပသည်။

**ဝမ်းမြောက်ဂုဏ်ယူ**

ရှေးဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးစောအောင်ကျော်သိန်းက လက်နက်နှင့် အလင်းဝင်ရောက်ခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။

ဆက်လက်၍ လက်နက်နှင့် အလင်းဝင်ရောက်သည့်အဖွဲ့မှ တပ်ခွဲမှူး ဗိုလ်ကြီးအဆင့်ရှိ စောလှသန်းက လက်နက်များ လွှဲပြောင်းအပ်နှံရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက လက်ခံသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ အစီအမံဖြင့် လက်နက်နှင့် အလင်းဝင်ရောက်လာသည့် တပ်ဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၅ သိန်းကို ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်ကလည်းကောင်း၊ ဆန် ၂၅ အိတ်နှင့် ကုလားပဲ သုံးအိတ်ကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးကလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

**အလင်းဝင်ရောက်**

ယခု လက်နက်နှင့်အလင်းဝင်ရောက်လာသည့်အဖွဲ့တွင် ယခင် ကရင်အမျိုးသားအစည်းအရုံး/ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ လက်အောက်ခံ တပ်ရင်း(၇၀၉)မှ တပ်ခွဲမှူးနှစ်ဦး၊ ဒုတပ်ခွဲမှူး တစ်ဦး၊ ဒုအရာခံဗိုလ်တစ်ဦးနှင့် တပ်သား ၂၁ ဦး စုစုပေါင်း ၂၅ ဦး ပါဝင်ပြီး ပွိုင့် ၄၅ ပစ္စတိုတစ်လက် ငှင်းကျည် ၁၂ တောင့် ကျည်အိမ် တစ်ခု၊ ပွိုင့် ၃၀ ကာဘိုင် တစ်လက် ငှင်းကျည် ၁၁ တောင့် ကျည်အိမ် နှစ်ခု၊ ပွိုင့် ၃၈ ခြောက်လုံးပြူး တစ်လက် ငှင်းကျည်ငါးတောင့်၊ တစ်တောင့်ထိုးပြောင်းရှည် တစ်လက်နှင့် ပြောင်းတိုတစ်လက်၊ ဘီအေ-၉၁ လက်ပစ်ဗုံးသုံးလုံး၊ အမှတ်(၃၆) လက်ပစ်ဗုံးနှစ်လုံး၊ အမ်-၁၆ ကျည်အိမ်အတိုနှစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၂၁ တောင့်၊ ရိုင်ဖယ်ပစ်ဗုံးငါးလုံး၊ လမ်းလျှောက်စကားပြောစက်တစ်လုံးတို့နှင့်အတူ အလင်းဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မွန်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်ထံ လက်နက်နှင့် အလင်းဝင်ရောက်သည့်အဖွဲ့မှ တပ်ခွဲမှူး ဗိုလ်ကြီးအဆင့်ရှိ စောလှသန်းက လက်နက်များ လွှဲပြောင်းအပ်နှံစဉ်။
(သတင်းစဉ်)

## ကွင်းဆင်းစစ်ဆေး

**သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရုံးရှေ့တံတားပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ဇွန် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။**
(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း လျှော့ချနိုင်ခဲ့ တိုင်းဒေသကြီး/ပြည်နယ် အရအသုံးငွေစာရင်းများ လိုငွေလျှော့ချရေးဆွဲနိုင်ရန် သေချာစွာ ပြန်လည်လေ့လာ

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲမှုများ ပိုမို၍ စနစ်တကျ စိစစ်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❖